မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

November 6, 2025 Volume 96, Number 2


၆. ၁၁.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၁၇.၆၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၈.၆၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၄၄.၃၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၇.၇၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၈၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၉၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၁.၉၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၈၀ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


# ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဆိုင်ရာနှင့်ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အက်ခ်မက်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပခြင်း




၂၀၂၅ ခုနှစ်၊နိုဝင်ဘာလ ၆ရက်နေ့တွင် အက်ခ်မက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များပါဝင်၍ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုဆိုင်ရာနှင့်ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အက်ခ်မက်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေး (The 2nd ACMECS Coordinating Committee on Trade, Investment and Industry, and on Financial Cooperation ) ကို အက်ခ်မက်မဟာဗျူဟာ-၂ ထပ်တူကျသော အက်ခ်မက်စီးပွားရေး Synchronized ACMECS Economics ၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ဦးဆောင်၍ Virtual စနစ်ဖြင့်ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင်မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့က အက်ခ်မက်အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် လုပ်ငန်းစဉ်များအားလုံး ညီညွတ်မှုရှိစေရေးနှင့် လွယ်ကူစေရေးဆောင်ရွက်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများရှိ အဖွဲ့အစည်းများအကြား စွမ်းဆောင်ရည်ကွာဟမှုမရှိစေရန်၊ ဒစ်ဂျစ်တယ်စနစ်ဖြင့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ ကုန်စည်များ ဈေးကွက်ဝင်ရောက်မှုကို မြှင့်တင်ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံတွင် အပင်ပိုးမွှားနှင့် ဘေးအန္တရာယ်ကင်းရှင်း

ရေးဆိုင်ရာ စီမံဆောင်ရွက်မှုများ၊ ကုန်သွယ်မှုနှင့်စပ်လျဉ်းသည့် နည်းပညာဆိုင်ရာ အတားအဆီးများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ACMECS Master Plan 2019–2023 ကိုအခြေခံ၍ ACMECS Master Plan 2026–2030 ပြင်ဆင်ရေးဆွဲနိုင်ရန်၊ မန္တလေးငလျင်ပြီးနောက် မြန်မာ့ MSMES များ ဒစ်ဂျစ်တယ်စနစ်ဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ရန်၊ အက်ခ်မက်အဖွဲ့ဝင်နိုင်ငံများအကြား အထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရန်၊ အက်ခ်မက်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ACMDF တည်ထောင်ခြင်းမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများတွင် စီမံကိန်းဆောင်ရွက်မှုများအတွက် ရန်ပုံငွေထောက်ပံ့မှုရရှိစေရန်နှင့် ဒေသတွင်းစီးပွားရေးနှင့်ငွေကြေးဆိုင်ရာပေါင်းစည်းမှု ပိုမိုခိုင်မာလာစေရေး ငွေကြေးစျေးကွက်ချိတ်ဆက်မှုကို ပိုမိုမြန်ဆန်လာစေရန်တို့ကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နေ့လယ် ၁၁ နာရီ ၃၀ မိနစ်တွင် ရုပ်သိမ်းခဲ့သည်။

**Source :** https://myantrade.gov.mm/

## ရန်ကုန် နိုင်ငံတကာကုန်စည်ပြပွဲ ၃ ရက်ကြာ ကျင်းပမည်




ရန်ကုန် နိုင်ငံတကာကုန်စည်ပြပွဲ ၂၀၂၅ ကို လာမဲ့ နိုဝင်ဘာ ၁၄ ရက်ကနေ ၁၆ ရက်အထိ ၃ ရက်တိုင်တိုင် ကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။

ပြပွဲကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အင်းယားလိတ် ဟိုတယ်ဝင်းအတွင်းရှိ ရန်ကုန်ကွန်ဗန်းရှင်းစင်တာ YCC မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

ပြပွဲမှာ လယ်ယာသုံးစက်ယန္တရားတွေဖြစ်တဲ့ ထွန်စက်၊ ဆန်စက်၊ ဆီစက်နဲ့ မြေသြဇာထုပ်ပိုးမှု စက်ယန္တရားတွေ၊ ကုန်စည်ပို့ဆောင်တာနဲ့သိုလှောင်တာ၊ အအေးခန်းသိုလှောင်ခြင်းဆိုင်ရာလုပ်ငန်းတွေ၊ Renewable Energy Technology, Solar Panel, Battery, Inverters & Transformer တွေ၊ ဓာတ်ဆီ၊ ဒီဇယ်တွေနဲ့ CNG Generator တွေ၊ Auto, Saloon နဲ့ ဘတ်စကား၊ ထရပ်ကား၊ EV ကား၊ EV Cycle တွေနဲ့ အော်တိုအပိုပစ္စည်းတွေ ပါဝင်ပြသသွားမှာဖြစ်တယ်လို့ သိရပါတယ်။

အခုပြပွဲဟာ နိုင်ငံတကာက ထုတ်ကုန်တွေနဲ့ နည်းပညာတိုးတက်မှုအသစ်တွေကို တစ်နေရာတည်းမှာ စုစည်းတင်ဆက်ပြသပေးသွားမဲ့ ပြပွဲကြီးလည်း ဖြစ်ပါတယ်။

ဒါ့ပြင် ပြပွဲကြီးမှာ ဝင်ရောက်ပြသလိုသူ လုပ်ငန်းရှင်တွေနဲ့ ကုမ္ပဏီတွေအနေနဲ့ ပြခန်းတွေကို ကြိုတင်ရယူပြီး ဝင်ရောက်ပြသနိုင်သလို ပြပွဲလာရောက်လေ့လာမဲ့သူတွေအတွက်လည်း ပညာပေးဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေကို အထူးအစီအစဉ်အနေနဲ့ ထည့်သွင်းကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။

**Source:** https://onenewstvchannel.com/

## ဝယ်လိုအား အလားအလာများ တိုးတက်လာဟု ထုတ်လုပ်သူများ အစီရင်ခံ




ပိုမိုအားနည်းတဲ့ နှုန်းတစ်ခုနဲ့ဖြစ်နေပေမဲ့ မြန်မာနိုင်ငံထုတ်လုပ်ရေးကဏ္ဍရဲ့ အခြေအနေကောင်းမွန်မှုက အောက်တိုဘာလမှာ ပိုမိုပြီးတိုးတက်မှုရခဲ့ကြောင်း လန်ဒန်အခြေစိုက် စီးပွားရေးဆိုင်ရာသုတေသနအဖွဲ့ S&P Global ရဲ့ အောက်တိုဘာလထုတ် မြန်မာထုတ်လုပ်မှု PMI စစ်တမ်းမှာ ဖော်ပြထားပါတယ်။

နောက်ဆုံးစစ်တမ်းကာလမှာ အပြုသဘောဆောင်တဲ့ ဝယ်လိုအားပုံရိပ်တစ်ခုကို အချက်ပြခဲ့ပြီး ထုတ်လုပ်ရေးမှာ ပိုမိုတိုးမြင့်မှုကို ဖြစ်စေခဲ့ကြောင်း စစ်တမ်းကဆိုပါတယ်။

“အမှာစာအသစ်တွေ ဆက်တိုက်တိုးချဲ့မှုရတဲ့ အထောက်အထားနဲ့အတူ လက်တလောတွေမှာ ဝယ်လိုအား အလားအလာတွေ တိုးတက်လာတယ်လို့ ထုတ်လုပ်သူတွေက အစီရင်ခံခဲ့ကြပါတယ်။ နောက်ဆုံးရ တိုးပွားမှုက အားနည်းတဲ့တိုင်အောင် ထုတ်လုပ် ရေးမှာ အသင့်အတင့်မြင့်တက်မှုတစ်ခုကိုလည်း တွေ့ခဲ့ရပါတယ်”လို့ S&P Global Market Intelligence က စီးပွားရေးပါရဂူ Maryam Baluch က ပြောပါတယ်။

S&P Global အနေနဲ့ မြန်မာထုတ်လုပ်မှု PMI ကို ထုတ်လုပ်သူ ၄၀၀ ခန့် ပါဝင်တဲ့အဖွဲ့တွေက ကုန်ဝယ်ယူရေးမန်နေဂျာတွေရဲ့ ဖြေကြားချက်တွေကို အခြေခံပြီး တွက်ချက်ထားတာပါ။

အောက်တိုဘာလမှာ ထုတ်လုပ်ရေးတိုးပွားမှုအရှိန်က မဆိုစလောက်သာဖြစ်ခဲ့ပြီး လုပ်ငန်းအသစ်တိုးပွားမှုက စက်တင်ဘာလနောက်ပိုင်းမှာ လျော့ပါးလာခဲ့တာကို စစ်တမ်းအရ သိရပါတယ်။

ကုန်ပစ္စည်းပြတ်လပ်မှုတွေကြောင့် အဓိကဖြစ်ပွားနေတဲ့ ထောက်ပံ့ရေးအပိုင်းမှ စိန်ခေါ်မှုတွေဟာ အလုံးစုံတိုးပွားမှုကို အကန့်အသတ်ဖြစ်စေခဲ့တယ်လို့လည်း ဆိုပါတယ်။

ထုတ်လုပ်ရေးကဏ္ဍတစ်ဝှန်းက ကုမ္ပဏီတွေက လာမဲ့ ၁၂ လအတွင်း ထုတ်လုပ်ရေးတိုးပွားမှုကို မျှော်မှန်းခဲ့ကြပေမဲ့ ယုံကြည်စိတ်ချရမှုအဆင့်က အားနည်းခဲ့ကာ အနည်းငယ်ပဲ အပြုသဘောဆောင်ခဲ့တယ်လို့ သိရပါတယ်။

စီးပွားရေးပါရဂူ Maryam Baluch က “အနာဂတ်အတွက် ရှုမြင်သုံးသပ်ချက်ကို စိုးရိမ်ပူပန်မှုတွေက ဖုံးလွှမ်းနေပါတယ်။ အလုံးစုံအနေနဲ့ ကဏ္ဍတစ်ဝှန်းမှာ ယုံကြည်စိတ်ချရမှုအဆင့်က အနည်းဆုံးဆက်ဖြစ်နေပါတယ်”လို့ ပြောကြားထားပါတယ်။

**Source : BETV Business**

## ကျောက်ဆည်မြို့နယ်၌ ဖီးကြမ်းငှက်ပျောများ တိုးချဲ့စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ တောင်သူများအနေဖြင့် စပါး၊ ကြက်သွန်၊ ငရုတ်၊ မြေပဲ၊ နှမ်း၊ ဝါ၊ ကုလားပဲ၊ ငှက်ပျော စသည့်သီးနှံမျိုးစုံ စိုက်ပျိုးကြရာကိုင်းကျွန်းမြေနှင့်ယာမြေတချို့၌ ဈေးကောင်းရရှိသော ဖီးကြမ်းငှက်ပျောများ တိုးချဲ့စိုက်ပျိုးထားပြီးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ငှက်ပျောစိုက်ပျိုးရာတွင် လုပ်သားလိုအပ်မှုနည်းပါးခြင်း၊ မိသားစု တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်သည့်အပြင် အပင်ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးနိုင်ပါက အကျိုးအမြတ်ရရှိနိုင်သော သီးနှံတစ်မျိုးဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

ငှက်ပျောစိုက်တောင်သူများအနေဖြင့် ငှက်ပျောကို ဝါဆို၊ ဝါခေါင်လများတွင်အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ဒေသအလိုက် တစ်ပင်တန်းစိုက်ပျိုးခြင်းနှင့်နှစ်ပင်တန်းစိုက်ပျိုးခြင်းဟူ၍ အမျိုးမျိုးစိုက်ပျိုးကြပြီး တစ်ပင်တန်းစိုက်ပျိုးပါက တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့်တစ်တန်း ရှစ်ပေအကွာစိုက်ပျိုးကြပြီး နှစ်ပင်တန်း စွယ်စုံစိုက်ပျိုးပါက တစ်ပင်နှင့်တစ်ပင် နှစ်ပေ၊ တစ်တန်းနှင့်တစ်တန်း ၁၀ ပေခန့်အကွာ စိုက်ပျိုးကြကြောင်း သိရသည်။

ငှက်ပျောစိုက်ပျိုးရာတွင် ရေ၊ မြေနှင့်အပင်ပြုစုမှုကောင်းပါက စိုက်ပျိုးပြီးရှစ်လအကြာတွင် ငှက်ပျောအဖူးများ စတင်ထွက်ရှိပြီး သက်တမ်း ၁၂ လအကြာ ခုတ်ယူရောင်းချနိုင်ကြောင်း၊ နှစ်ပင်တန်း စွယ်စုံစိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် ငှက်ပျောအပင် ၈၀၀ ခန့်စိုက်ပျိုးနိုင်ပြီး ကုန်ကျမှုအနေဖြင့် ထယ်စရိတ်၊ ထွန်စရိတ်၊ ပျိုးပင်ဖိုးနှင့် စိုက်ပျိုးစရိတ်အပါအဝင် ရေတင်ခြင်း၊မြေဩဇာအသုံးပြုကုန်ကျစရိတ်ရှိခြင်း၊ ပင်စည်ခုတ်လှဲရှင်းလင်းခြင်း စသည့်ကုန်ကျမှုများရှိပြီး ခုတ်ယူ

ရောင်းချရာတွင် ဈေးကောင်းရရှိနိုင်သောကြောင့် ကုန်ကျမှုစရိတ်ကာမိသည့်အပြင် အကျိုးအမြတ်များ ရရှိသည့်အတွက် ငှက်ပျောစိုက်တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ဇလွန်မြို့နယ်၌ တီလားဗီးယားငါးများ အရောင်းအဝယ် ကောင်းမွန်လျက်ရှိ




ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်၌ တီလားဗီးယားငါးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ဇလွန်မြို့နယ်၌ နိုဝင်ဘာလပထမပတ်မှစ၍ လက်ရှိအချိန်ထိ တီလားဗီးယားငါးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်ကြောင်း၊ အဆိုပါဒေသ၌ တစ်ရက်လျှင် တီလားဗီးယားငါးပိဿာ ၃၅၀၀ မှ ၄၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိမှာ တီလားဗီးယားငါးတွေ အဝယ်လိုက်နေပါတယ်။ တခြားဒေသဈေးကွက်က ဝယ်လက်တွေက အဝယ်များနေတာပါ။ ဇလွန်မြို့နယ်ကနေ တခြားဒေသတွေကို ပိဿာများများ တင်ပို့နေရလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒေသထွက် တီလားဗီးယားငါးတွေက ရောင်းပန်းလှပြီး အကင်ဆိုင်တွေ၊ ပင်လယ်စာရောင်းတဲ့ဆိုင်တွေရဲ့အကြိုက်ပါ။ လက်ရှိအရောင်းအဝယ်ကောင်းနေတာကြောင့် ရေလုပ်ငန်း၊ ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေအားလုံး အဆင်ပြေနေပါတယ်" ဟု ၎င်းက ကပြောသည်။

ဇလွန်မြို့နယ်၌ အရောင်းအဝယ်ကောင်းမွန်နေသည့် တီလားဗီးယားငါးများသည် အရွယ်အစားနှင့် လတ်ဆတ်မှုပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုးရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Ms. Suphajee Suthumpun သည် စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး Mr. Gan Kim Yong နှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံခဲ့ပြီး ဆန်ပို့ကုန်နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့

ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Ms. Suphajee Suthumpunသည် စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး Mr. Gan Kim Yong နှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်တွေ့ဆုံခဲ့ပြီး ဆန်ပို့ကုန်နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းဝက်ဘ်ဆိုဒ်တွင် “Minister talks rice deal with Singapore” ခေါင်းစဉ်ဖြင့် ဖော်ပြထားကြောင်း သိရသည်။

ဆွေးနွေးမှုတွင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသတွင်းဒီဂျစ်တယ်စီးပွားရေးတို့ တိုးချဲ့နိုင်ရေးပါဝင်ပြီး ဆန်ကုန်သွယ်မှုစာချုပ်ဖြင့် အပြီးသတ်ခဲ့ကြောင်း၊ ဒေသတွင်းဒီဂျစ်တယ်စီးပွားရေးကို အထောက်အကူပြုမည့် အာဆီယံဒီဂျစ်တယ်စီးပွားရေးမူဘောင် ၊ Digital Economy Framework Agreement ( DEFA )ကို အပြီးသတ်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း၊ ထိုင်းနိုင်ငံသည် အရည်အသွေးမီ စိုက်ပျိုးရေးထုတ်ကုန်များကို တင်ပို့နိုင်သည့်အလားအလာရှိပြီး စင်ကာပူ၏လိုလားချက်နှင့် ကိုက်ညီရုံသာမက ကမ္ဘာအနှံ့ဈေးကွက်များသို့လည်း တိုးချဲ့နိုင်ကြောင်း၊ နှစ်နိုင်ငံလုံးသည် ဆန်ကုန်သွယ်မှုသဘောတူညီချက်ကို အပြီးသတ် ဆွေးနွေးခဲ့ကြောင်း ဝန်ကြီး Ms. Suphajee Suthumpun က ပြောကြားခဲ့သည်။

DEFA နှင့်စပ်လျဉ်း၍ စေ့စပ်ညှိနှိုင်းမှုတွင် ထိုင်းနိုင်ငံသည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ DEFA သည် အာဆီယံအတွင်း ဒီဂျစ်တယ်ချိတ်ဆက်မှုကို ဖန်တီးပေးနိုင်ပြီး နယ်စပ်ဖြတ်ကျော်နှင့် စာရွက်စာတမ်းမဲ့ကုန်သွယ်မှုကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ရာ ယခုနှစ်အတွင်း အာဆီယံ၏ အဓိကစီးပွားရေးအစီအစဉ်များဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံနှင့်အာဆီယံ၏ ကုန်သွယ်မှုယှဉ်ပြိုင်နိုင်မှုနှင့် ဒီဂျစ်တယ်ကုန်သွယ်မှုကိုဆွဲဆောင်ရန် စီးပွားရေးလုပ်ငန်းကဏ္ဍအတွက် ကိရိယာတစ်ခုဖြစ်စေရန်ဖြစ်ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်အတွင်း ထိုင်းနှင့်စင်ကာပူတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁၇ ဒသမ၇ ဘီလီယံရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀ ဒသမ၃၆ ဘီလီယံနှင့် သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇ ဒသမ၄၀ ဘီလီယံဖြစ်ရာ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၇ ဘီလီယံဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ပထမ ၈ လအတွင်း ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇ ဒသမ၂၁ ဘီလီယံနှင့် သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၂ ဘီလီယံဖြစ်ရာ ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၂ ဒသမ၁ ၄ ဘီလီယံရှိခဲ့ကြောင်း သိရသည်။

**Source:**[https://www.bangkokpost.com/thailand/general/3125506/minister-talks-rice-deal-with-singapore?tbref=hp](https://www.bangkokpost.com/thailand/general/3125506/minister-talks-rice-deal-with-singapore?tbref=hp)

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့**

## ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုသည် ၉ လအတွင်း အမေရိကန်ဒေါ်လာ ၇ ဘီလီယံကျော် စံချိန်တင်ရောက်ရှိ

ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ် ၉ လအတွင်း ကော်ဖီတန်ချိန် ၁ ဒသမ ၂၄ သန်းနီးပါးတင်ပို့ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၁ ဘီလီယံ စံချိန်တင်ရရှိခဲ့ကြောင်း၊ ၂၀၂၄ တစ်နှစ်ပတ်လုံးရရှိခဲ့သည့် ပို့ကုန်တန်ဖိုး ၅ ဒသမ ၆၂ ဘီလီယံကို ကျော်လွန်သွားကြောင်း ဗီယက်နမ်အကောက်ခွန်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

တန်ဖိုးအားဖြင့် ၆၂ ရာခိုင်နှုန်းတိုးမြင့်လာပြီး ပမာဏအားဖြင့် ၁၂ ရာခိုင်နှုန်းတိုးမြင့်လာကြောင်း ဖော်ပြထားသည်။ အဆိုပါကိန်းဂဏန်းများသည် တစ်နှစ်ထက်တစ်နှစ်တိုးမြင့်လာသော ပို့ကုန်ဈေးနှုန်းများနှင့် ခိုင်မာသောဝယ်လိုအားနှစ်ခုလုံးကို ရောင်ပြန်ဟပ်စေသည်။

စက်တင်ဘာတစ်လတည်းတွင် ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၄၆၂ သန်းတန်ဖိုးရှိ ကော်ဖီတန်ချိန် ၈၁,၀၀၀ တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက တန်ဖိုး ၆၁ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

၉ လတာကာလအတွင်း ပျမ်းမျှပို့ကုန်ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၅၅ သို့ရရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၄၅ ဒသမ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဂျာမနီ၊ အီတလီနှင့်စပိန်တို့သည် ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်သွင်းမှုအများဆုံးနိုင်ငံများဖြစ်ပြီး စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၁၃ဒသမ၉ ရာခိုင်နှုန်း၊ ၇ဒသမ၅ ရာခိုင်နှုန်းနှင့် ၇ဒသမ၅ ရာခိုင်နှုန်းအသီးသီးရှိကြောင်း ဖော်ပြပါရှိသည်။

**Source: VN Economy**

**ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့**

## STOCK EXCHANGE (6.11.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Nov. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,152 (Shares) | 21,601,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 6 | 51,600 | 33,109,694 | 284,743 |
| MTSH | 00002 | 3,500 | -50 | -1.41% | 3,500 | 3,500 | 3,500 | 4,445 | 15,557,500 | 38,929,150 | 136,252 |
| MCB | 00003 | 7,900 | +100 | +1.28% | 7,900 | 7,900 | 7,900 | 13 | 102,700 | 10,400,986 | 82,168 |
| FPB | 00004 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 116 | 266,800 | 29,664,613 | 68,229 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 301 | 857,850 | 12,823,224 | 36,546 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,800 | 1,700 | 1,765 | 3,064,000 | 19,977,223 | 34,960 |
| AMATA | 00007 | 3,500 | +50 | +1.45% | 3,500 | 3,500 | 3,500 | 303 | 1,060,500 | 10,497,598 | 36,742 |
| MAEX | 00008 | 3,150 | -50 | -1.56% | 3,200 | 3,200 | 3,150 | 203 | 640,800 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 6th Nov. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.08 | -0.83 | -0.21% | 400.18 | 401.24 | 400.08 | 7,152 | 21,601,750 | 8 | 754,626 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 6th Nov. 2025

| Trading Volume | Trading Value |
|---|---|
| 7,744 (Shares) | 23,229,750 (MMK) |

### Main Board

As of 1:00 p.m. 6th Nov. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,152 (Shares) | 21,601,750 (MMK) |

| MYANPIX | 400.08 ▼ 0.83 |
|---|---|
| Total Volume (shares) | 7,152 |
| Total Value (MMK) | 22 mil |
| Listed Company | 8 |
| Market Cap. (MMK) | 754,626 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,500 | ▼ 50 |
| MCB | 00003 | 7,900 | ▲ 100 |
| FPB | 00004 | 2,300 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,500 | ▲ 50 |
| MAEX | 00008 | 3,150 | ▼ 50 |